**Embassy of the Republic of the Union of Myanmar**
Vaclavske namesti 1282/51, 110 00 Prague 1
Prague, Czech Republic
Tel: +420 233 331 577, Email: meprague@email.cz

# PJ အမျိုးအစား မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်နေသူများ မြန်မာနိုင်ငံသို့ ခွင့်ဖြင့်သွားရောက်ပြီး ပြည်ပသို့ပြန်လည်ထွက်ခွာရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် မြန်မာသံရုံး၌ ထောက်ခံစာလျှောက်ထားရယူနိုင်ရေး အသိပေးကြေညာခြင်း

ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်နေသည့် PJ အမျိုးအစား မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ ခွင့်ဖြင့် သွားရောက်ပြီး သက်ဆိုင်ရာနိုင်ငံရှိ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် ပြည်ပထွက်ခွာခွင့်အား အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေဘဲ လွယ်ကူလျင်မြန်စွာရရှိရေးအတွက် ၁-၅-၂၀၂၆ ရက်နေ့မှစတင်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံချက် လျှောက်ထားရယူခဲ့ပါရန် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာခဲ့ပါသည်။

သို့ဖြစ်ပါ၍ အလုပ်သမားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြန်ထောက်ခံစာအား အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ မြန်မာသံရုံး၊ ပရာ့ဂ်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ကိုယ်ရေးလျှောက်လွှာ
(၂) နိုင်ငံကူးလက်မှတ်မိတ္တူ
(၃) နေထိုင်ခွင့်ကတ်ပြားမိတ္တူ
(၄) အလုပ်စာချုပ်မိတ္တူ
(၅) ကုမ္ပဏီ/အလုပ်၏ ခွင့်စာမိတ္တူ (ခွင့်ရက်အတိအကျဖော်ပြပါရှိရပါမည်။)
(၆) ကုမ္ပဏီ/အလုပ်၏ အချက်အလက်များ
(၇) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(၈) အိမ်ထောင်စုစာရင်းမိတ္တူ
(၉) OWIC မိတ္တူ (OWIC မရှိသေးပါက မြန်မာနိုင်ငံ၌ ပြန်လည်ပြုလုပ်ရပါမည်။)
(၁၀) ဝင်ငွေခွန်ပေးဆောင်ထားသည့် အထောက်အထားမိတ္တူ
(၁၁) ထောက်ခံစာကြေး ယူရို ၁၀

ခွင့်ပြန်ထောက်ခံစာအား မြန်မာသံရုံး၊ ပရာ့ဂ်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ကာလအတွင်း ခွင့်ပြန်ထောက်ခံစာ လျှောက်ထားခြင်းများအား မြန်မာသံရုံး၊ ပရာ့ဂ်မြို့အနေဖြင့် ထောက်ခံစာကြေးကင်းလွတ်ခွင့်ပြု၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည့် **“ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း”**အား သိရှိဆောင်ရွက်နိုင်ပါရန် ပူးတွဲဖော်ပြအပ်ပါသည်။




**မြန်မာသံရုံး၊ ပရာ့ဂ်မြို့**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်

## ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း

ရက်စွဲ ၊ ၂၀၂၆ ခုနှစ် ၊ ဧပြီလ ၂၈ ရက်

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည်ထွက်ခွာ ခွင့်ပြုပါရန် တရားဝင်ရုံးပိတ်ရက်မပါ ၅ ရက်ကြိုတင်၍ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်းအထောက် အထားများနှင့်တကွ လျှောက်ထားလာမှုများအား စိစစ်ပြီး ပြည်ပထွက်ခွာခွင့်များအား Safe Migration Telegram Channel တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အချို့အလုပ်သမားအသစ်များသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စနစ်တကျ စုဆောင်းခြင်း၊ ပြည်ပသို့မထွက်ခွာမီ သင်တန်းတက်ရောက် ခြင်းနှင့် ဆေးစစ်ခံခြင်း လုပ်ငန်းစဉ်များကို ကျော်လွှားနိုင်ရန်အတွက် "ခွင့်ပြန်အလုပ်သမား" အဖြစ် အသွင်ဆောင်ကာ ခွင့်စာအတုများပြုလုပ်၍ ခွင့်ပြန်အလုပ်သမားများအတွက် သတ်မှတ် ထားသောလမ်းကြောင်းကို အလွဲသုံးစားပြု၍ တရားမဝင်ထွက်ခွာရန် ကြိုးစားခြင်းများ တွေ့ရှိရ သဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုံခြုံစိတ်ချရသောရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေးနှင့် လူကုန်ကူးခံရမှု အပါအဝင် မလိုလားအပ်သည့် အန္တရာယ်များ မဖြစ်ပွားစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက် **၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍** ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ အလုပ်ရှင်၏ ခွင့်စာ (Letter of Permission for Leave) ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါ သည် -

(က) သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်၊

(ခ) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားခြင်းမရှိသည့် နိုင်ငံများအနေဖြင့် အနီးဆုံးနိုင်ငံ သို့မဟုတ် အနီးဆုံးမြို့ရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်။

၄။ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် Work Permit ၊ ဗီဇာနှင့် ခွင့်စာပါ လုပ်ငန်းခွင်နှင့် OWIC ကတ်တွင်ပါရှိသည့် လုပ်ငန်းခွင်မတူညီ

ပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်အား အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်များထံမှ ခွင့်စာရယူပြီး အပိုဒ် ၃ ပါအတိုင်း ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံစာနှင့်အတူ ပြည်ပထွက်ခွာခွင့် တင်ပြနိုင်ရေးနှင့် ခွင့်စာအားလိမ်လည်တင်ပြလာပါက ကာလသတ်မှတ်ချက်တစ်ခုဖြင့် ပြည်ပထွက်ခွာခွင့် ပိတ်ပင်ခြင်းနှင့် အမည်မည်းစာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန